တရားမအထွေထွေလျှောက်ထားမှု
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြသိမ်း ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
မေလ ၂၃ ရက်

ဒေါ်ဘောဘီသန်းပါ ၉

ဦးညီညီထွန်းပါ ၁၁

ဒေါက်တာ လှမောင်ဖင်

နှင့်

ဦးတင့်လွင်

ဦးတင့်လွင်

ဦးတင့်လွင် *

စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း၊ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ လျှောက်ထားရခြင်းအကြောင်းအချက်များနှင့် ယင်းအချက်များမှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန် လိုအပ်ခြင်း၊ ကျမ်းကျိန်လွှာ ပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက် - လျှောက်ထားသူကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေကျမ်း

* ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ်၊ ၁၊ ၂၊ ၃

**ကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားလွှာပါ အချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားမဟုတ်ခြင်း။**

၂၀၁၁
ဒေါ်ဘေဘီသန်းပါ ၉
ဦးညီညီထွန်းပါ ၁၁
ဒေါက်တာလှမောင်ဒင်
နှင့်
ဦးတင့်လွင်
ဦးတင့်လွင်
ဦးတင့်လွင်

**ဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားရခြင်း အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန်လိုအပ်သည်။ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားလွှာနှင့်အတူ ကျမ်းကျိန်လွှာ ပူးတွဲတင်ပြထားခြင်းမရှိသဖြင့် လိုအပ်သည့် ကျမ်းကျိန်လွှာကို တင်သွင်းရန် လျှောက်ထားသူများ၏ ရှေ့နေအား ရုံးက ညွှန်ကြားခဲ့သည်။

ရုံး၏ ညွှန်ကြားချက်အရ လျှောက်ထားသူများ၏ရှေ့နေက တင်ပြသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေမှ ကျမ်းကျိန်ထွက်ဆိုထားသည့် ကျမ်းကျိန်လွှာသာဖြစ်ကြောင်း တွေ့ရသည်။ စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲ ကျမ်းကျိန်လွှာပါအချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက်ဖြစ်သည်။ လျှောက်ထားသူများ၏ရှေ့နေက စာချွန်တော်အမိန့်လျှောက်ထားမှုအတွက် တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်သဖြင့် လျှောက်ထားလွှာပါအချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

| | |
|---|---|
| ၂၀၁၁ | လျှောက်ထားသူများအတွက် - ဦးခင်ထွန်း |
| ဒေါ်ဘေဘီသန်းပါ ၉ | |
| ဦးညီညီထွန်းပါ ၁၁ | တရားလွှတ်တော်ရှေ့နေ |
| ဒေါက်တာလှမောင်ဒင် | |
| နှင့် | |
| ဦးတင့်လွင် | |
| ဦးတင့်လွင် | |
| ဦးတင့်လွင် | |

ဒေါ်ဘေဘီသန်းပါ ၉ ဦးတို့ကလည်းကောင်း၊ ဦးညီညီထွန်းပါ ၁၁ ဦးကလည်းကောင်း၊ ဒေါက်တာ လှမောင်ဒင်ကလည်းကောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြည်မြစန္ဒာ အချိုရည်နှင့်ရေခဲစက်၊ စက်ရုံမှူး ဦးတင့်လွင်အပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(က)(၅) အရ အမှုခေါ်စာချွန်တော်အမိန့် (Writ of Certiorari) ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအသီးသီးတင်သွင်း လျှောက်ထားသဖြင့် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁/၂၀၁၁၊ ၂/၂၀၁၁ နှင့် ၃/၂၀၁၁ အဖြစ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တရားမအထွေထွေလျှောက်ထားမှုများကို ဖတ်ရှုပြီးနောက် စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းအခန်း (၄) စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များဆိုင်ရာ ပြဋ္ဌာန်းချက်အပိုင်း၊ အပိုဒ် ၄၇ အရ ကနဦးဆုံးဖြတ်ချက်အဖြစ် ချမှတ်သည့်အမိန့်ဖြစ်သည်။ ဤအမိန့်သည် အဆိုပါအမှု (၃)မှုစလုံးနှင့် သက်ဆိုင်စေမည်ဖြစ်သည်။

ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့် ထုတ်ဆင့်ခြင်းဆိုင်ရာ နည်းဥပဒေများတွင်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့်ထုတ်ဆင့်ခြင်းဆိုင်ရာ နည်းဥပဒေများတွင်လည်းကောင်း စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာပါ အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်

များ မှန်ကန်ကြောင်း ဝန်ခံသည့်ကျမ်းကျိန်လွှာကို လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြရန်ဖြစ်ပြီး အကယ်၍ တစ်ဖက်လျှောက်ထားခံရသူသို့ အကြောင်းပြစေရန် အကြောင်းကြားစာထုတ်ပေးသည့်အခါ လျှောက်ထားခံရသူက ပြန်လှန်ကျမ်းကျိန်လွှာတင်ပြနိုင်ကြောင်း ပြဋ္ဌာန်းချက်များပါဝင်ကြောင်း တွေ့ရသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၃-၅-၂၀၁၁ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင်လည်း ယခင်ပြဋ္ဌာန်းခဲ့သည့် နည်းဥပဒေများအတိုင်း စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာပါအကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာပြုလုပ်၍ လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြရန်ဖြစ်ပြီး အကယ်၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်းအတွက် တစ်ဖက်လျှောက်ထားခံရသူသို့ အကြောင်းပြရန် အကြောင်းကြားစာထုတ်ဆင့်သည့်အခါ လျှောက်ထားခံရသူသည် ပြန်လှန်ကျမ်းကျိန်လွှာတင်ပြနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှုခေါ် စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ အမှုခေါ် စာချွန်တော်အမိန့် လျှောက်ထားရခြင်း အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန်လိုအပ်သည်။ လျှောက်ထားသူများ တင်သွင်းသည့်အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားလွှာနှင့်အတူ ကျမ်းကျိန်လွှာပူးတွဲတင်ပြထားခြင်းမရှိသဖြင့် လိုအပ်သည့်ကျမ်းကျိန်လွှာကို တင်သွင်းရန် လျှောက်ထားသူများ၏ ရှေ့နေအား ဤရုံးတော်က ညွှန်ကြားခဲ့သည်။

ဤရုံးတော်၏ ညွှန်ကြားချက်အရ လျှောက်ထားသူများ၏ ရှေ့နေက တင်ပြသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေမှ ကျမ်းကျိန်ထွက်ဆိုထားသည့် ကျမ်းကျိန်လွှာသာဖြစ်ကြောင်း တွေ့ရသည်။ စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာ ပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲ ကျမ်းကျိန်လွှာပါအချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက်ဖြစ်သည်။ လျှောက်ထားသူများ၏ ရှေ့နေက စာချွန်တော်အမိန့်လျှောက်ထားမှုအတွက် တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်သဖြင့် လျှောက်ထားလွှာပါအချက်များ မှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူဘက်မှ အကြောင်းပြစေရန်အတွက် အကြောင်းကြားစာ ထုတ်ဆင့်ရန် လိုအပ်မည်မဟုတ်ပေ။

ထို့ကြောင့် လျှောက်ထားသူတင်သွင်းသည့် အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာကို ပယ်သည်။